အလွတ်သဘောဘာသာပြန်ဆိုချက်

# ဂျပန်နိုင်ငံ၊ ငွေကြေးဆိုင်ရာစုံစမ်းထောက်လှမ်းရေးဗဟိုအဖွဲ့၊ ဂျပန်နိုင်ငံအမျိုးသားပြည်သူ့လုံခြုံရေးရာကော်မရှင် (JAFIC)

# နှင့်

# မြန်မာနိုင်ငံ၊ ငွေကြေးဆိုင်ရာစုံစမ်းထောက်လှမ်းရေးအဖွဲ့၊ ပြည်ထဲရေးဝန်ကြီးဌာန (MFIU)တို့အကြား ငွေကြေးခဝါချမှု၊ အကြမ်းဖက်မှုကို ငွေကြေးထောက်ပံ့မှုနှင့် အခြားဆက်စပ်မှုခင်းများဆိုင်ရာ သတင်းအချက်အလက်ဖလှယ်ရေးတွင် ပူးပေါင်းဆောင်ရွက်ရေး နားလည်မှုစာချွန်လွှာ

၁။ ဂျပန်နိုင်ငံ ငွေကြေးဆိုင်ရာစုံစမ်းထောက်လှမ်းရေးဗဟိုအဖွဲ့ (JAFIC)၊ ဂျပန်နိုင်ငံအမျိုးသားပြည်သူ့လုံခြုံရေးရာကော်မရှင်နှင့် မြန်မာနိုင်ငံ ငွေကြေးဆိုင်ရာစုံစမ်းထောက်လှမ်းရေးအဖွဲ့ (MFIU)၊ ပြည်ထဲရေးဝန်ကြီးဌာန (ယခုမှ နောင်တွင် အာဏာပိုင်များဟု ညွှန်းဆိုမည်) တို့သည် ပူးပေါင်းဆောင်ရွက်ရန် စိတ်ဆန္ဒနှင့် အပြန်အလှန်အကျိုးစီးပွားတို့အတွက် ငွေကြေးခဝါချမှု၊ အကြမ်းဖက်မှုကို ငွေကြေးထောက်ပံ့မှုနှင့် ဆက်နွယ်သည့်မှုခင်းများ၊ နိုင်ငံအလိုက် ပြဋ္ဌာန်းထားသောဥပဒေများအရ ယင်းမှုခင်းများနှင့် ပတ်သက်၍ စုံစမ်းစစ်ဆေးရာတွင် အကူအညီဖြစ်စေရန်အတွက် ထောက်လှမ်းရေးသတင်း အချက်အလက်များဖလှယ်ရာတွင် လွယ်ကူချောမွေ့စေရန်ဖြစ်ပါသည်။

၂။ သို့ဖြစ်ပါ၍ အာဏာပိုင်အဖွဲ့များသည် ဥပဒေရေးရာစည်းနှောင်မှုရှိသည့် စာချုပ်တစ်ရပ်အဖြစ် မရည်ရွယ်သော်လည်း အောက်ပါတို့ကို သဘောတူညီကြပါသည် -

(က) နိုင်ငံအလိုက် ပြည်တွင်းဥပဒေများ၏ အာဏာသက်ရောက်မှုနှင့် ကျင့်သုံးဆောင်ရွက်လျက်ရှိသည့် ပြည်တွင်းမူဝါဒနှင့် အစီအစဉ်များကို တိုးချဲ့ဆောင်ရွက်ရန်၊ အာဏာပိုင်များသည် အခြားအာဏာပိုင်၏ တောင်းဆိုချက်အရသော်လည်းကောင်း သို့မဟုတ် မိမိသဘောဆန္ဒအလျောက်သော်လည်းကောင်း၊ ငွေကြေးခဝါချမှု၊ အကြမ်းဖက်မှုကို ငွေကြေးထောက်ပံ့မှုနှင့် ဆက်စပ်သည့် မှုခင်းများနှင့်ပတ်သက်၍ သံသယဖြစ်ဖွယ်လွှဲပြောင်းမှုများနှင့် ပတ်သက်သည့် သတင်းအချက်အလက်များအား ဖလှယ်ဆောင်ရွက်ကြမည်ဖြစ်ပါသည်။ မည်သည့်သတင်းအချက်အလက်တောင်းခံမှုကိုမဆို တောင်းခံရသော ရည်ရွယ်ချက်ကို အကျဉ်းချုပ်ဖော်ပြပြီး စာဖြင့်ရေးသားပေးပို့တောင်းခံရမည်။

(ခ) အာဏာပိုင်များသည် အခြားအာဏာပိုင်များထံမှ လက်ခံရရှိသော သတင်းအချက်အလက်များကို ငွေကြေးခဝါချမှု၊ အကြမ်းဖက်မှုကို ငွေကြေးထောက်ပံ့မှုနှင့် ဆက်နွယ်သည့် မှုခင်းများနှင့် ပတ်သက်သည့် ပြည်တွင်းဥပဒေများ၊ အခြေအနေ

DRAFT

များနှင့်အညီ စုံစမ်းစစ်ဆေးရာတွင် အထောက်အကူဖြစ်စေရန် ရည်ရွယ်၍ အသုံးပြုရပါမည်။ အခြားအာဏာပိုင်က သတ်မှတ်ချက် တစ်စုံတစ်ရာ ရှိလာခဲ့လျှင် အဆိုပါသတ်မှတ်ချက်နှင့်အညီ အသုံးပြုရပါမည်။

(ဂ) သက်ဆိုင်ရာ အာဏာပိုင်များထံမှ ရရှိသော သတင်းအချက်အလက်များ သို့မဟုတ် အထောက်အထားများကို ယင်းတို့အား ထုတ်ဖော်ပေးအပ်သည့် အာဏာပိုင်၏ စာဖြင့် ရေးသားထားသော ကြိုတင်ခွင့်ပြုချက်မရှိဘဲ အခြားမည်သည့် တတိယ ပုဂ္ဂိုလ်/အဖွဲ့အစည်းသို့ ဖြန့်ချီခြင်း သို့မဟုတ် စီမံခန့်ခွဲမှု၊ တရားစွဲတင်ပို့မှု သို့မဟုတ် တရားစီရင်မှုများအတွက် အသုံးပြုခြင်းများ ပြုလိမ့်မည် မဟုတ်ပါ။

(ဃ) ဤနားလည်မှု စာချွန်လွှာအရ ရရှိထားသည့် သတင်းအချက်အလက်များကို လျှို့ဝှက်ထားရှိရမည်။ ယင်းသည် တရားဝင်လျှို့ဝှက်ထားရှိရေးနှင့် သက်ဆိုင်သည်။ ထို့အပြင် ယင်းတို့အား လက်ခံရရှိသည့် အာဏာပိုင်သည် မိမိ ပြည်တွင်း အရင်းအမြစ်မှ ရရှိသည့် သတင်းအချက်အလက်များအတွက် ပြည်တွင်း ဥပဒေများတွင် ပြဋ္ဌာန်းထားချက်များအတိုင်း ထိန်းသိမ်းကာကွယ် စောင့်ရှောက်ရမည်။

(င) အာဏာပိုင်များသည် မိမိတို့နိုင်ငံအသီးသီး၏ ဥပဒေပြဋ္ဌာန်းချက်များနှင့်အညီ လက်ခံနိုင်သော ဆက်သွယ်ရေးလုပ်ထုံးလုပ်နည်းကို ပူးတွဲစီစဉ် ဆောင်ရွက် လိမ့်မည်ဖြစ်သည်။

(စ) အာဏာပိုင်များအကြား ဆက်ဆံဆောင်ရွက်ရာတွင် အင်္ဂလိပ် ဘာသာစကားကို အသုံးပြုမည်။

(ဆ) အာဏာပိုင်များသည် တောင်းဆိုသည့် သတင်းအချက်အလက်များနှင့် ပတ်သက်၍ တရားစွဲဆိုခြင်းကို ဆောင်ရွက်ပြီးပါက အကူအညီပေးအပ်ရန် တာဝန်မရှိကြပါ။

(ဇ) ဤနားလည်မှု စာချွန်လွှာအား အပြန်အလှန် သဘောတူညီချက်ဖြင့် မည်သည့် အချိန်တွင်မဆို ရေးသားပြင်ဆင်နိုင်သည်။

(ဈ) ဤနားလည်မှုစာချွန်လွှာသည် စာချုပ်ဝင်အာဏာပိုင်တစ်ဦး၏ စာဖြင့်ရေးသား အကြောင်း ကြားချက်ဖြင့် ရပ်စဲနိုင်သည်။ ဤစာချုပ်ရပ်စဲခြင်းမပြုမီ လက်ခံ ရရှိသော သတင်းအချက်အလက်များနှင့် ပတ်သက်၍လျှို့ဝှက်ထားရှိရေးဆိုင်ရာ ကိစ္စရပ်များကို ဤစာချုပ်ရပ်စဲပြီးနောက် ဆက်လက်ကျင့်သုံးနိုင်သည်။

DRAFT

(ည) ဤနားလည်မှုစာချွန်လွှာသည် အာဏာပိုင်များက လက်မှတ်ရေးထိုးသည့်နေ့တွင် စတင်အာဏာသက်ရောက်မည်ဖြစ်သည်။

Nobuyuki MUROKI
( / / )

ညွှန်ကြားရေးမှူးချုပ်
ဂျပန်နိုင်ငံ၊ ငွေကြေးဆိုင်ရာစုံစမ်းထောက်လှမ်းရေး ဗဟိုအဖွဲ့၊
ဂျပန်နိုင်ငံ အမျိုးသားပြည်သူ့လုံခြုံရေးရာ

ရဲမှူးချုပ် စိုးမြိုင်
( / / )

အဖွဲ့ခေါင်းဆောင်
ငွေကြေးဆိုင်ရာစုံစမ်းထောက်လှမ်းရေး အဖွဲ့

DRAFT